Network for Democracy and Development
Documentation and Research Department

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 85-733 4303.
E-mail: ndddrd07@csloxinfo.com; ndddrd07@gmail.com

# Weekly Political Events Regarding the SPDC's Election (003/2010)

# နအဖရွေးကောက်ပွဲနှင့် စပ်လျဉ်းသည့်တစ်ပတ်အတွင်း နိုင်ငံရေးအဖြစ်အပျက်များ (၀၀၃/၂၀၁၀)

၂၀၁၀ ခုနှစ် ဖေဖော်ဝါရီလ (၇) ရက်နေ့မှ ဖေဖော်ဝါရီလ (၁၃) ရက်နေ့အထိ

## နအဖနှင့် ၎င်းလက်ကိုင်တုတ်အဖွဲ့အစည်းများ

- မွန်ပြည်နယ် မုဒုံမြို့နယ် ကလော့သော့ကျေးရွာမှ ကျေးရွာမယကဥက္ကဌနှင့် မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်းကာ မီးသတ်ကားဝယ်ရန် စီစဉ်နေခြင်းသည် ၂၀၁၀ ရွေးကောက်ပွဲအတွက် စည်းရုံးရေးဆင်းသည့်သဘော ဖြစ်နိုင်သည်ဟု သံဖြူဇရပ်မြို့နယ်လုံးဆိုင်ရာ မွန်လူငယ်ညီညွတ်ရေးအဖွဲ့မှ အဖွဲ့ဝင်တစ်ဦးက ပြောသည်။ **(IMNA 110210)** **Read More...**
- ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်လျက်ရှိသော **MRTV-3** အစီအစဉ်ကို **Myanmar International** ရုပ်သံလိုင်း အမည်သစ်ဖြင့် ဖေဖော်ဝါရီလ ၁၁ ရက်နေ့မှ စတင်စမ်းသပ်ထုတ်လွှင့်နေသည်။ **(Irrawaddy 120210)** **Read More...**
- မြန်မာစစ်အစိုးရ ခေါင်းဆောင်ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ပြည်ထောင်စုနေ့ သဝဏ်လွှာတွင် လွတ်လပ်၍တရားမျှတသောရွေးကောက်ပွဲ ယခုနှစ်အတွင်း ကျင်းပပေးမည်ဟု ပြောဆိုသည့်အပေါ် မြန်မာ့အရေးလေ့လာသူများက သံသယရှိနေကြသည်။ **(RFA 120210)** **Read More...**
- ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ဖွင့်ပွဲ၌ တိုင်းနှင့်ပြည်နယ် (၁၄) ခု အပါအဝင် နေပြည်တော်ပြကွက်ကိုပါ ဖြည့်စွက်၍ပြသထားခြင်းကြောင့် မြန်မာနိုင်ငံ၌ တိုင်းနှင့်ပြည်နယ် (၁၅)ခု ရှိသကဲ့သို့ ဖြစ်နေကြောင်း၊ သမိုင်းအမှန်ကိုဖျောက်ဖျက်နေသကဲ့သို့ ဖြစ်နေကြောင်း ပြည်သူလူထုမှ ဝေဖန်နေကြသည်။ **(NEJ 120210)** **Read More...**
- မြန်မာနိုင်ငံသို့ မကြာမီ ရောက်ရှိလာမည့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေးအထူးကိုယ်စားလှယ် မစ္စတာကင်တားနားအတွက် နအဖက ပြင်ဆင်မှုများ ပြုလုပ်နေသည်။ **(NEJ 120210)** **Read More...**

## အတိုက်အခံအဖွဲ့အစည်းများ

### (က) ပြည်တွင်းအင်အားစုများ

- ရှမ်းအမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် **SNLD** ဥက္ကဌ ဦးခွန်ထွန်းဦး အပါအဝင် နှစ်ရှည်ထောင်ဒဏ် ကျခံနေရသည့် ရှမ်းခေါင်းဆောင်များကို ဖမ်းဆီးခဲ့သည့် ၅ နှစ်မြောက် နေ့တွင် ၎င်းတို့ကို ပြန်လွှတ်ပေးကာ နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပရန် **SNLD** က စစ်အစိုးရကို တောင်းဆိုလိုက်သည်။ **(Mizzima 090210) Read More...**
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုဦးစီးအဖွဲ့ဝင် – **CC** အတွက် ရွေးချယ်နိုင်ရန် တိုင်းနှစ်တိုင်းနှင့် ပြည်နယ်တစ်ခုမှ လျာထားစာရင်းအား အဖွဲ့ချုပ် ရန်ကုန်ဗဟိုဌာနချုပ်သို့ တင်သွင်းလာပြီဖြစ်ကြောင်း ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်တစ်ဦးက ပြောသည်။ **(Mizzima 090210) Read More...**
- မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ရန်အတွက် ဖမ်းဆီးထားသည့် တိုင်းရင်းသားခေါင်းဆောင်များ အပါအဝင် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများ ပြန်လွှတ်ပေးရန် စည်းလုံးညီညွတ်သော တိုင်းရင်းသား လူမျိုးစုများမဟာမိတ်အဖွဲ့ **UNA** က ၆၃ နှစ်မြောက်ပြည်ထောင်စုနေ့တွင် တောင်းဆိုလိုက်သည်။ **(RFA 120210) Read More...**
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုဦးစီးအဖွဲ့ **(CC)** တွင် အဖွဲ့ဝင်အဖြစ် လျာထားမည့် ပြည်နယ်/တိုင်း ကိုယ်စားလှယ်စာရင်း၌ မည်သူ့ကို ထည့်သွင်းရွေးချယ်ရမည်ဟူသည့် ညွှန်ကြားမှုမျိုး ဗဟိုတွင် မရှိခဲ့ကြောင်း **NLD** ဗဟိုအလုပ် အမှုဆောင် အဖွဲ့ဝင်များက ပြောသည်။ **(Mizzima 120210) Read More...**
- မြန်မာနိုင်ငံတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်ကြီးများ ချမှတ်ခဲ့သည့် ပင်လုံစိတ်ဓာတ် ရှင်သန်ဖွံ့ဖြိုးမှုမရှိသေးသဖြင့် တောင်တန်းနှင့်ပြည်မ ချုပ်ဆိုခဲ့သည့် ပင်လုံစာချုပ်နှင့်အညီဖြစ်ပေါ်စေရေးအတွက် ပြန်လည်ဆန်းစစ်ရန် အချိန်ရောက်ပြီဟု **NLD** က ပြောကြားလိုက်သည်။ **(NEJ 120210) Read More...**
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ရန်ကုန်၊ မန္တလေးနှင့် ပုသိမ်မြို့များတွင် ၆၃ နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ကျင်းပခဲ့ကြောင်း အဖွဲ့ဝင်များက ပြောသည်။ **(Mizzima 120210) Read More...**
- မြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုနေ့အခမ်းအနားသည် အနှစ်သာရမရှိကြောင်း ရန်ကုန်ရှိ တိုင်းရင်းသားခေါင်းဆောင်များက ပြောသည်။ **(Mizzima 120210) Read More...**
- ၆ နှစ်ကြာ အချုပ်အနှောင်ခံခဲ့ရသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုဥက္ကဌ ဦးတင်ဦးသည် ယနေ့ညနေ (၈) နာရီကျော်ခန့်က နေအိမ် အကျယ်ချုပ်မှ ပြန်လည်လွတ်မြောက်ပြီဖြစ်သည်။ **(NEJ 130210) Read More...**
- ၆ နှစ်ကြာ နေအိမ်အကျယ်ချုပ်ကျခံနေရသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒု–ဥက္ကဌ ဦးတင်ဦးက နေအိမ်အကျယ်ချုပ်မှ ပြန်လွှတ်လာသည်နှင့် အမေရိကန် သမ္မတ ဘားရက်အိုဘားမားအစိုးရ၏ မြန်မာနိုင်ငံအပေါ်ထားရှိသောမူဝါဒကို ထောက်ခံကြောင်း ပြောကြားလိုက်သည်။ **(Mizzima 130210) Read More...**
- တိုင်းရင်းသားများ ကိုယ့်အားကိုယ်ကိုးရန် မွန်နိုင်ငံရေးခေါင်းဆောင်တစ်ဦးက ၆၃ နှစ်မြောက် ပြည်ထောင်စုနေ့တွင် တိုက်တွန်းပြောကြားလိုက်သည်။ **(Kaowao 130210) Read More...**

### (ခ) တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ

- မြန်မာစစ်အစိုးရကသာ “ပြည်တွင်းပြည်ပ နိုင်ငံရေးလှုပ်ရှားသူများကို လွတ်လပ်ခွင့်ပေးမည်၊ နိုင်ငံရေးပါတီများက နိုင်ငံရေးသမားများပါသည့် အမျိုးသားအစိုးရဖွဲ့ပေးမည်၊ တစ်ခါ ရွေးကောက်ပွဲ ကျင်းပပြီး နိုင်သည့်ပါတီကို အာဏာလွှဲ ပေးမည်ဆိုရင် သူတောင်ပါတီထောင်ပြီး လာမည့်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်” ဟု **SSA** ဥက္ကဌ ဗိုလ်မှူးကြီး ရွက်ဆစ်က ပြောကြားလိုက်သည်။ **(BBC 070210) Read More...**

- မြန်မာစစ်အစိုးရက ယခုနှစ်အတွင်း ရွေးကောက်ပွဲကျင်းပမည်ဟု ကြေညာထားသော်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တစ်ဖွဲ့ဖြစ်သည့် **SSA** အဖွဲ့က လက်နက်ကိုင်တိုက်ပွဲကို ဆက်လက်ဆင်နွှဲသွားမည်ဟု ရှမ်းပြည်အမျိုးသားနေ့ အခမ်းအနားတွင် အခိုင်အမာပြောကြားလိုက်သည်။ **(VOA 080210)** **Read More...**
- **ALA** ခေါ် ရခိုင်ပြည်လွတ်မြောက်ရေးတပ်မတော်နှင့် နအဖစစ်တပ်တို့အကြား ဖေဖော်ဝါရီ ၁၁ ရက်နေ့က တိုက်ပွဲဖြစ်ပွားခဲ့ရာ နအဖဘက်မှ တစ်ဦးကျဆုံးကာ နှစ်ဦးဒဏ်ရာရရှိခဲ့သည်။ **(Narinjara 130210)** **Read More...**

## (ဂ) ပြည်ပအင်အားစုများ

- နေအိမ်အကျယ်ချုပ် ကျခံနေရသည့် ဒေါ်အောင်ဆန်းစုကြည်နှင့် တိုင်းရင်းသားခေါင်းဆောင်များ အပါအဝင် နိုင်ငံရေးအကျဉ်းသားများ မလွှတ်ပေးဘဲ ရွေးကောက်ပွဲကို ပြုလုပ်မည်ဆိုလျှင် မြန်မာစစ်အစိုးရကို ဖိအားပေးရန် ထိုင်း–မြန်မာနယ်စပ်ရှိ မြန်မာအမျိုးသမီးအဖွဲ့များက ဗြိတိန်အစိုးရကို တောင်းဆိုလိုက်သည်။ **(DVB 100210)** **Read More...**
- ဂျပန်နိုင်ငံတွင် ရောက်ရှိနေသော ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် (ပြည်ပ) နာယက ဦးခိုင်အောင်ဝင်းသည် ယခုလ ၇ ရက်နေ့က ဂျပန်နိုင်ငံရှိ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် (ပြည်ပ) အဖွဲ့ဝင်များနှင့် သွားရောက်တွေ့ဆုံခဲ့သည်။ **(Narinjara 130210)** **Read More...**

## အပစ်ရပ်အဖွဲ့အစည်းများ

### နယ်ခြားစောင့်တပ်အသွင် မပြောင်းလဲရသေးသည့်အဖွဲ့များ

- စစ်ဖက်ရေးရာလုံခြုံရေး အကြီးအကဲ ဒု–ဗိုလ်ချုပ်ကြီးရဲမြင့်က နယ်ခြားစောင့်တပ်ကိစ္စအတွက် တွေ့ဆုံလိုသည်ကို ဝပြည်သွေးစည်းညီညွတ်ရေးပါတီ **UWSP** ဥက္ကဋ္ဌ ပေါင်ယူချန်းက ဒုတိယအကြိမ် ငြင်းဆိုလိုက်ကြောင်း နီးစပ်သူများက ပြောသည်။ **(Mizzima 090210)** **Read More...**
- အပစ်ရပ် ရှမ်းပြည်တပ်မတော်မှ ခေါင်းဆောင်များအား နယ်ခြားစောင့်တပ် အသွင်ပြောင်းရေးအတွက် အဓိကတာဝန်ယူဆောင်ရွက်နေသည့် စစ်ဖက်ရေးရာ အရာရှိချုပ် ဒု–ဗိုလ်ချုပ်ကြီးရဲမြင့်က ယခုလ (၆) ရက်တွင် ရှမ်းပြည်မြောက်ပိုင်း လားရှိုးမြို့၌ တွေ့ဆုံခဲ့ကာ ပြည်သူ့စစ်အသွင်ပြောင်းရေးအတွက် တင်းတင်းမာမာပြောဆိုခဲ့သည်အထိ ဖြစ်ပွားခဲ့သည်။ **(NEJ 090210)** **Read More...**
- အပစ်အခတ်ရပ်စဲရေးလုပ်ထားသည့် **KIA** ကချင်လွတ်လပ်ရေးတပ်မတော်ကို နယ်ခြားစောင့်တပ်ရင်း ၇ ရင်းအဖြစ်ပြောင်းလဲဖွဲ့စည်းရန် စစ်အစိုးရက ပြောကြားလိုက်ကြောင်း **KNG** ကချင်သတင်းဌာနက ဖော်ပြထားသည်။ **(RFA 090210)** **Read More...**
- အပစ်ရပ်ရှမ်းပြည်တပ်မတော်အား နယ်မြေစောင့်တပ်/ပြည်သူ့စစ်တပ်ဖွဲ့အဖြစ် အသွင်ပြောင်းရန် နအဖက ဆက်တိုက်ဖိအားပေးနေချိန်တွင် **SSA** ခေါင်းဆောင်တစ်ဦးက "လက်နက်ချ/တပ်အသွင်ပြောင်းမှုသည် ညံ့ဖျင်းသူတို့၏လုပ်ရပ်" ဟု တုန့်ပြန်ပြောဆိုခဲ့ကြောင်း နီးစပ်သူတစ်ဦးက ပြောသည်။ **(S.H.A.N 100210)** **Read More...**
- ကချင်အပစ်ရပ်အဖွဲ့များ၏ ကျောထောက်နောက်ခံနှင့် တည်ထောင်ထားသည့် ကချင်ပြည်တိုးတက်ရေးပါတီ **(KSPP)** က မြစ်ကြီးနားမြို့တွင် အမျိုးသမီးများနှင့်ကျောင်းသားများကို ဖိတ်ကြားကာ ၂၀၁၀ ရွေးကောက်ပွဲဆိုင်ရာ ပါတီလုပ်ငန်းစဉ်များအတွက် ဆွေးနွေးခဲ့ကြောင်း ကချင်သတင်းဌာန **KNG** က ဖော်ပြထားသည်။ **(RFA 100210)** **Read More...**

- ဒီကေဘီအေ၏ တပ်မဟာ (၉၉၉) လက်အောက်ခံ တပ်ရင်း (၇) က ၎င်းတို့အခြေစိုက်တပ်စခန်းသစ် အပြီးသတ် တည်ဆောက်ရန်အတွက် ကရင်ပြည်နယ်၊ ပိုင်ကျုံ (တာကရယ်) မြို့နယ်အတွင်းရှိ ဝါမီကလားကျေးရွာအုပ်စုမှ ရွာ (၃) ရွာကို ဒုတိယအကြိမ် အဓမ္မလုပ်အားပေး စေခိုင်းနေသည်ဟု ဒေသခံတစ်ဦးက ပြောသည်။ **(KIC 120210)** **Read More...**
- ယခင်လ (၂၇) ရက်နေ့က ရှမ်းပြည်အရှေ့ပိုင်း မိုင်းလားမြို့တွင် လုပ်ကြံသတ်ဖြတ်ခံလိုက်ရသည့် ရှမ်းပြည်အရှေ့ပိုင်း အထူးဒေသ (၄) အမျိုးသားဒီမိုကရေစီမဟာမိတ်တပ်မတော် (ခေါ်) မိုင်းလားတပ်ဖွဲ့၏ အထွေထွေအတွင်းရေးမှူး ဦးမင်းအိမ်ကို လုပ်ကြံသတ်ဖြတ်သူအား သတင်းပေးနိုင်လျှင် တရုတ်ငွေ သိန်း (၂၀) မြန်မာငွေအားဖြင့် ကျပ်သန်း ၃၀၀ ခန့် ဆုတော်ပေးမည်ဟု ထုတ်ပြန်ကြေညာထားသည်။ **(NEJ 120210)** **Read More...**
- အပစ်ရပ် ဝ နှင့် မိုင်းလားတပ်ဖွဲ့ ထိန်းချုပ်နယ်မြေအတွင်း လျှပ်စစ်ဓါတ်အားပေးစက်ရုံတည်ဆောက်ရေးကို အကြောင်းပြကာ တရုတ်ကို နအဖ က အငှါးခါးအဖြစ် အသုံးပြုဖွယ်ရှိကြောင်း တရုတ်နယ်စပ်သတင်းရပ်ကွက်မှ ဆိုသည်။ **(RFA 120210)** **Read More...**

## နိုင်ငံတကာဆောင်ရွက်မှုများ

### (က) အစိုးရများ

- အောက်တိုဘာလတွင် ကျင်းပမည်ဟု မျှော်လင့်ရသည့် ရွေးကောက်ပွဲမတိုင်ခင် ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်ပေးရန် မလေးရှားနိုင်ငံခြားရေးဝန်ကြီးက မြန်မာစစ်အစိုးရကို တိုက်တွန်းပြောကြားလိုက်သည်။ **(RFA 090210)** **Read More...**
- စစ်အစိုးရကျင်းပမည့် ရွေးကောက်ပွဲကို ကန့်ကွက်ကြောင်း ဥရောပ ပါလီမန်က ဖေဖော်ဝါရီလ ၁၁ ရက်နေ့က ကြေညာလိုက်သည်။ **(RFA 120210)** **Read More...**
- မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် မစ္စတာကင်တားနားသည် ၎င်း၏မြန်မာနိုင်ငံ ခရီးစဉ်တွင် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများအားလုံးကို တွေ့ဆုံနိုင်ရန်မျှော်လင့်ကြောင်း ယခုလ ၁၁ ရက်နေ့က ပြောကြားလိုက်သည်။ **(Irrawaddy 120210)** **Read More...**
- မြန်မာစစ်အစိုးရထံ စစ်လက်နက်ပစ္စည်းများ မရောင်းချရန်နှင့် လူ့အခွင့်အရေး တိုးတက်ကောင်းမွန်လာစေရေး အတွက် အင်အားကြီးနိုင်ငံများအနေဖြင့် စစ်အစိုးရအား ဖိအားပေးသွားရန် ဥရောပပါလီမန်အမတ်များက တရုတ်၊ ရုရှနှင့် အိန္ဒိယနိုင်ငံတို့ကို တောင်းဆိုလိုက်သည်။ **(NEJ 120210)** **Read More...**

### (ခ) အစိုးရမဟုတ်သော အဖွဲ့အစည်းများ

- စစ်အစိုးရက ထိန်းသိမ်းထားသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **(NLD)** ဒု-ဥက္ကဋ္ဌ ဦးတင်ဦးကို နေအိမ်အကျယ် ချုပ်မှ လွှတ်ပေးရန် အမေရိကန်နိုင်ငံအခြေစိုက် လူ့အခွင့်အရေးစောင့်ကြည့် လေ့လာရေးအဖွဲ့ **(HRW)** က တောင်းဆို လိုက်သည်။ **(Irrawaddy 120210)** **Read More...**
- နိုင်ငံတကာ အလုပ်သမား သမဂ္ဂအဖွဲ့ချုပ် **ITUC** မှ မကြာသေးခင်က ရန်ကုန်တိုင်းလှိုင်သာယာစက်မှုဇုန်တွင် ဖြစ်ပွားခဲ့သည့် အလုပ်သမားများ၏ ဆန္ဒပြပွဲကို တခဲနက် ထောက်ခံလိုက်သည်။ **(Mizzima 130210)** **Read More...**

## ပြည်သူနှင့် လူထုအခြေပြုအသင်းအဖွဲ့များ

- လှိုင်သာယာစက်မှုဇုန် ၃ ရှိ မြဖက်ရှင် အထည်ချုပ်စက်ရုံတွင် အလုပ်သမား ၁၄၀၀ ခန့်က လစာနှင့် အခွင့်အရေးများပိုမိုရရှိရေးအတွက် တောင်းဆိုဆန္ဒပြနေကြောင်း စက်ရုံတာဝန်ရှိသူတစ်ဦးက ပြောသည်။ **(Mizzima 080210)** **Read More...**
- လှိုင်သာယာစက်မှုဇုန် ၃ ရှိ အလုပ်သမား ၂၀၀၀ ခန့်က လုပ်ခတိုးမြှင့်ပေးရန်အတွက် ဒုတိယနေ့အဖြစ် ဆက်လက်ဆန္ဒပြရာ အဓိကရုဏ်းနှိမ်နင်းရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးပိုမိုတင်းကျပ်လိုက်သည်။ **(Mizzima 090210)** **Read More...**
- လုပ်ခကြေးငွေ တိုးမြှင့်တောင်းဆိုသည့် ထိုင်သပိတ်ဆန္ဒပြမှုများ ဖြစ်ပွားခဲ့ပြီးနောက် ဆန္ဒခြင်းထပ်၍ ကူးစက်လာမည်ကိုစိုးရိမ်နေသည့် စက်ရုံအချို့က ပိတ်ရက်အဖြစ် သတ်မှတ်လိုက်ကြောင်း စက်မှုဇုန်အရာရှိတစ်ဦးက ပြောသည်။ **(Mizzima 100210)** **Read More...**
- လစာတိုးမြှင့်ပေးရန် တောင်းဆိုဆန္ဒပြနေသည့် ရန်ကုန်မြို့ လှိုင်သာယာစက်မှုဇုန်ရှိ အလုပ်သမားများအတွက် လစာကျပ် ၅၀၀၀ (၅ ဒေါ်လ) တိုးပေးမည်ဟူသော အလုပ်ရှင်၏ သဘောတူညီမှုဖြင့် ဆန္ဒပြမှုကို ရပ်ဆိုင်းလိုက်သည်။ **(Irrawaddy 100210)** **Read More...**
- "စစ်မှန်သည့် ပြည်ထောင်စုဆိုတာ ဘာလဲ" ဆိုသည့် ခေါင်းစဉ်ဖြင့် ယနေ့ကျရောက်သည့် ၆၃ နှစ်မြောက်ပြည်ထောင်စုနေ့တွင် ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်ရှိ တက္ကသိုလ်ကျောင်းသားများက ဆွေးနွေးပွဲများပြုလုပ်ခဲ့ကြသည်။ **(Mizzima 120210)** **Read More...**
- ပြည်တွင်းထုတ် ဂျာနယ်တစ်စောင်ဖြစ်သည့် အပတ်စဉ်ထုတ် ဘိုင်ဝီကလီးစာစောင်ထဲမှ ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ကို ရည်ညွှန်းကာ ဖွဲ့ဆိုထားသည့် ကဗျာတစ်ပုဒ်အား နှစ်သက်သူများက မိတ္တူကူးကာ မန္တလေးမြို့အနှံ့တွင် လိုက်လံဖြန့်ဝေနေသည်။ **(RFA 130210)** **Read More...**

---

***End of report/ Saturday, February 13, 2010***

ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ သုတေသနနှင့် မှတ်တမ်းတင်ဌာနမှ ထုတ်ဝေဖြန့်ချိသည်။

***Documentation and Research Department (NDD)***

---